# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၇/ ၂၀၁၉)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉)အား ၂၀၁၉ ခုနှစ် မေလ (၁၁)ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၁)ခု၊ အတည်ပြုလုပ်ငန်း (၄)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း(၁)ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခုနှင့် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ (၃)ခု ခွင့်ပြုခဲ့သဖြင့် ယခု အစည်းအဝေးကာလအတွင်း စုစုပေါင်းလုပ်ငန်း (၅)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၉.၅၉၉)သန်း ကိုခွင့်ပြု/ အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများ အတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၈၃၁)ဦးကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြု လုပ်ငန်း (၅)ခုမှာ အခြားကဏ္ဍမှ (၁)ခုနှင့် စက်မှုကဏ္ဍမှ(၄)ခု ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ မေလ (၁၁) ရက်နေ့အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၅၅)ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၁,၇၀၂.၃၀၆)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ရင်းနှီး မြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၂,၄၃၄.၅၆၃) သန်းဖြစ်ပါသည်။

အထူးစီးပွားရေးဇုန် ဥပဒေအရ ၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ မေလ (၁၁) ရက်နေ့အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၁၃၄.၀၇၀) သန်းဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ မေလ (၁၁) ရက်နေ့ အထိ စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂,၅၆၈.၆၃၃) သန်းဖြစ်ပါသည်။

အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသားရင်းနှီး မြှုပ်နှံမှု အဆိုပြုလုပ်ငန်း(၁)ခု၊ အတည်ပြုလုပ်ငန်း (၁)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအား

Email: dica@mptmail.net.mm
Website: www.dica.gov.mm

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း(၁)ခုနှင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၅.၀၀၀) သန်း အပါအဝင် ကျပ် (၁၁,၃၀၀.၀၀၀)သန်း ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းမှ ပြည်တွင်း လုပ်သား များအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၆၁၅)ဦး ကိုဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြု လုပ်ငန်း (၂)ခုမှာ စက်မှုကဏ္ဍ(၁)ခုနှင့် အခြားကဏ္ဍမှ (၁)ခု ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁)ရက်နေ့မှ မေလ (၁၁) ရက်နေ့အထိ မြန်မာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၉၁)ခု၊ အမေရိကန်ဒေါ်လာ (၂၄၅.၈၆၅)သန်း အပါအဝင် ကျပ် (၆၈၉,၂၃၆.၀၀၁) သန်းဖြစ်ပါသည်။ ရင်းနှီး မြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၃၁၂.၀၀၃) သန်း အပါ အဝင် ကျပ် (၉၀၆,၉၈၂.၈၁၀) သန်း ဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm